ပါရမီစကားဝိုင်း

#14-02, Sakura Tower, Sule Pagoda Road, Yangon, Myanmar. Tel : (951) 255104, 255106, 255450
Fax : (951) 255109 | Web: www.aec.com.mm | Email: yinmin@parami.biz

# ပါရမီစကားဝိုင်းအဖွဲ့၏
# (၂၄)ကြိမ်မြောက်အအေးစီအလုပ်ရုံဆွေးနွေးပွဲ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။ ၂၀၁၇ ခုနှစ် ဧပြီလ ၅ ရက်

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ မေတ္တာရပ်ခံချက်အရ ပါရမီစကားဝိုင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအမှတ်(၂၄)ကို ပုသိမ်မြို့ရှိ ပုသိမ်ဟိုတယ်မင်္ဂလာခန်းမတွင် ၂၀၁၇–ခုနှစ်၊ ဧပြီလ(၅)ရက်နေ့ နံနက်(၈း၃၀)နာရီက ကျင်းပခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်(၉)ဦး၊ စီးပွားရေးလုပ်ငန်းရှင်(၃၀)ဦး၊ ကျောင်းသူကျောင်းသား(၅၆)ဦး၊ ဌာနဆိုင်ရာမှ(၁)ဦး၊ စုစုပေါင်း(၉၆)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးစက်မှုကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဦးဝင်းမြင့်လှိုင်မှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံသည် အာဆီယံအသင်းဝင်နိုင်ငံတစ်ခုဖြစ်သည့်အားလျော်စွာ အအေးစီနှင့် အာဆီယံအကြောင်းများကို စီးပွားရေးလုပ်ငန်းရှင်များသာမက ကျောင်းသူကျောင်းသားများပါ ကောင်းစွာနားလည်သဘောပေါက်ထားရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ယခုဟောပြောတင်ပြချက်များကို ကောင်းစွာနားထောင်ကြပါရန်နှင့် ယခုကဲ့သို့ ရန်ကုန်မြို့မှ တကူးတကလာရောက်ပြီး မိမိတို့၏နား၊ မျက်စိများကိုဖွင့်ပေးမည့် ပါရမီစကားဝိုင်းအဖွဲ့ဝင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသွားပါသည်။ ဆက်လက်ပြီး အစီအစဉ်အရ စီးပွားရေးပညာရှင် ဒေါက်တာမျိုးသန့်က ယမန်နေ့က ဆွေးနွေးချက်များကို အကျဉ်းချုပ်တင်ပြပါသည်။

ဆက်လက်ပြီး ပါရမီစွမ်းအင်မှ အကြီးတန်းအကြံပေး ဒေါ်တင်တင်ထွေးက ASEAN Economic Community ခေါင်းစဉ်ဖြင့် အာဆယံဖြစ်ပေါ်လာပုံ၊ AEC သဘောတူညီချက်အဆင့်ဆင့်များ၊ တစ်ခုတည်းသော ဈေးကွက်စနစ်၊ ကုန်စည်၊ ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးအရင်းအနှီးများ၊ ကျွမ်းကျင်သောလုပ်သားများ၊ လွတ်လပ်စွာရွှေ့ပြောင်းသွားလာနိုင်ခွင့်များ၊ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသကြီး ဘက်ညီတိုးတက်သောဒေသဖြစ်ပေါ်လာရေး စသဖြင့် စုံလင်စွာ ဆွေးနွေးတင်ပြသွားပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို ကော်ဖီသောက်ရန် ခေတ္တရပ်နားပြီး ဆက်လက်ကျင်းပရာ၊ ပါရမီစွမ်းအင်မှ အကြီးတန်းအကြံပေး ဦးတင်ချိုက ၂၀၁၅–ခုနှစ်အလွန် အအေးစီခေါင်းစဉ်ဖြင့် ၂၀၁၅–ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့မှစပြီး အအေးစီကို စတင်အကောင်အထည်ဖော်ပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်သင့်သည့် လုပ်ငန်းများအကြောင်းစုံကို ကျယ်ကျယ်ပြန့်ပြန့်တင်ပြသွားပါသည်။

ထို့နောက်အလုပ်ရုံဆွေးနွေးပွဲကို Panel Discussion ပုံစံဖြင့် ဆက်လက်ကျင်းပရာတွင် ဧရာဝတီတိုင်းဒေသကြီး စက်မှုလက်မှုကုန်သည်များနှင့် စက်မှုကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စု အကြီးတန်းအကြံပေးဦးအောင်မြင့် Eco Echo Journal အယ်ဒီတာချုပ် ဦးဇော်သန်းတို့ကပါဝင်ဆွေးနွေးကြပြီး စီးပွားရေးပညာရှင် ဒေါက်တာမျိုးသန့်က သဘာပတိအဖြစ် ဆောင်ရွက်ပါသည်။ စက်မှုကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဦးဝင်းမြင့်က တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် လယ်ယာကုန်ထုတ်မှုလုပ်ငန်းများ၊ ဆန်စက်လုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများအတွက် ချေးငွေနှင့် နည်းပညာရယူရာတွင် တွေ့ကြုံရသောအခက်အခဲများ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့အကြား ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်းများ စသည်တို့ကို တင်ပြသွားပါသည်။ ဆက်လက်ပြီး ဦးအောင်မြင့်က ဒေသဆိုင်ရာပေါင်းစည်း ဆက်သွယ်ရေးလုပ်ငန်းများ၊ လမ်းများ၏အရေးပါပုံနှင့် ဖြစ်ပေါ်သင့်သောလမ်းအခြေအနေများ၊ ဥပမာအားဖြင့် အရှေ့အနောက်စီးပွားရေးစင်္ကြန်၏ လမ်းဆုံးအဖြစ် ပုသိမ်မြို့အထိ ဆွဲယူလာမည်ဆိုသည်မှာ ကောင်းမွန်ပါကြောင်း။ သို့ရာတွင် ထိုလမ်းကို ပုသိမ်တွင် အဆုံးမသတ်ပဲ ကျောက်ဖြူရေနက်ဆိပ်ကမ်းအထိ ဆွဲယူသွားပါက အတိုင်းထက်အလွန်ကောင်းမွန်မည်ဖြစ်ပါကြောင်း။ သို့မှသာ အဆိုပါစင်္ကြန်လမ်းဖြင့် ဆက်စပ်မည့်ချိတ်ဆက်လမ်းများကို ဆက်ဖောက်ခြင်းအားဖြင့် ဧရာဝတီမှထွက်ကုန်များ၊ မန္တလေး၊ မုံရွာတို့မှ ထွက်ကုန်များကို ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတဆင့် ပြည်ပနိုင်ငံများသို့ လွယ်လင့်တကူတင်ပို့နိုင်မည်ဖြစ်ကြောင်းတို့ကို အသေးစိတ်ဆွေးနွေးတင်ပြသွားပါသည်။ ဆက်လက်ပြီး Eco Echo Journal အယ်ဒီတာချုပ် ဦးဇော်သန်းက အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ SME အကြောင်းများကို တင်ပြရာတွင် SME များသို့ နိုင်ငံတော်အစိုးရမှထုတ်ချေးထားသော ငွေကြေးပမာဏမှာ တစ်နှစ်ထက်တစ်နှစ်တိုးလာကြောင်း၊ ချေးငွေများကို စနစ်တကျဖြင့် လုပ်ငန်းတိုးတက်မှုအတွက် အကျိုးရှိအောင်သုံးစွဲတတ်ရန် အရေးကြီးပါကြောင်း၊ နည်းပညာသစ်များရရှိရေး၊ ဈေးကွက်ချဲ့ထွင်ရေးတို့အတွက် အစိုးရဘက်မှပါ ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်ကုန်များသည် တဆင့်ထက်တဆင့် တန်ဖိုးမြင့်တက်သွားရန်လိုအပ်ပါကြောင်း။ Value added ဖြစ်မှသာ လုပ်ငန်းအောင်မြင်တိုးတက်မည်ဖြစ်ကြောင်းများကို အသေးစိတ်တင်ပြဆွေးနွေးသွားပါသည်။ ထို့နောက် တက်ရောက်လာသူများက မေးမြန်းသောမေးခွန်းများကို ပညာရှင်အသီးသီးက ပြန်လည်ဖြေကြားခဲ့ပါသည်။

ထို့နောက် စက်မှုလက်မှုကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဦးဝင်းမြင့်လှိုင်က အလုပ်ရုံဆွေးနွေးပွဲတက်ရောက်လာသူများနှင့် ပါရမီစကားဝိုင်းအဖွဲ့အား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေ(၅း၃၀)နာရီတွင် အောင်မြင်စွာ နိဂုံးချုပ်လိုက်ပါသည်။